ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်အမှတ် ၂ / ၂၀၁၁</u>

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေ၊ ပုဒ်မ ၃(၁)အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပမှတင်သွင်းခွင့် မပြုသောပစ္စည်းများကို ပြင်ဆင်သတ်မှတ်သည့် အမိန့်ကို ထုတ်ပြန်လိုက်သည်-

## ပြည်ပမှ တင်သွင်းခွင့်မပြုသော ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေ၊ ပုဒ်မ ၃(၁)အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မှတ်ပုံတင်ထားသော ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှ တင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းများအနက်မှ အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်ပြုသောပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) အချိုမှုန့်၊

(ခ) အချိုရည်၊

(ဂ) ဘီစကွတ်မျိုးစုံ၊

(ဃ) စည်သွပ်ဘူးများ(အသားနှင့်သီးစုံ)၊

(င) ခေါက်ဆွဲခြောက်အမျိုးမျိုး။

၂။ ပြည်ပမှ တင်သွင်းခွင့်မပြုသော ကျန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်လိုအပ်ချက် အခြေအနေများအပေါ်မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကိုပြင်ဆင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

(ပုံ)ဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ၊ စက-၁၁/၂-၁၈/၂၀၁၁( ၃၆ )
နေပြည်တော်၊ ၁၃၇၃ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**ဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး
၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
၃။ လွှတ်တော်ရုံး
၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၅။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
၆။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး
၇။ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအားလုံး
၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံး
၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
၁၀။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

၁၁။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများ

၁၂။ အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၁၃။ ညွှန်ကြားရေးမှူးချုပ်၊အကောက်ခွန်ဦးစီးဌာန

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ပြည်တွင်းအခွန်များဦးစီးဌာန

၁၅။ ညွှန်ကြားရေးမှူးချုပ်၊ငါးလုပ်ငန်းဦးစီးဌာန

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၇။ ညွှန်ကြားရေးမှူးချုပ်၊စီမံကိန်းရေးဆွဲရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန

၁၈။ ညွှန်ကြားရေးမှူးချုပ်၊ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

၁၉။ ညွှန်ကြားရေးမှူးချုပ်၊နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန

၂၀။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့စီးပွားရေးဘဏ်

၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂၄။ ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမိန့်အရ

(တိုးအောင်မြင့်)

ရုံးအဖွဲ့မှူး